# မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကြောင့် ဂျပန်နိုင်ငံတွင် ရောက်ရှိနေထိုင်လျက်ရှိကြသော မြန်မာလူမျိုးများအတွက် အရေးပေါ်တိမ်းရှောင်နေထိုင်ခြင်းဆိုင်ရာစီမံချက် (၂၀၂၄ ခုနှစ် အောက်တိုဘာလ ပြင်ဆင်ချက်)

<table>
<tr><th></th><th>လက်ရှိအချိန်အထိ<br>ကျင့်သုံးနေသော စနစ်</th><th>ယခုစတင်<br>ကျင့်သုံးမည့် စနစ်သစ်</th></tr>
<tr><td><u>လက်ရှိရရှိထားသောနေထိုင်ခွင့်ဗီဇာအမျိုးအစားဆိုင်ရာ လုပ်ဆောင်မှုများ ပြီးဆုံးသွားသူဖြစ်ပြီး</u> နေထိုင်ခွင့် ဆက်လက်ရရှိလိုသူ</td><td rowspan="2">“Tokutei Katsudou<br>(သတ်မှတ်ထားသောလုပ်ဆောင်မှုများ)<br>(၁နှစ်/ အလုပ် လုပ်ကိုင်နိုင်)”</td><td rowspan="2">“Tokutei Katsudou (သတ်မှတ်ထားသောလုပ်ဆောင်မှုများ)<br>(၁နှစ်/ အလုပ်လုပ်ကိုင်နိုင်)”<br>※၁။ Ginou Jisshuu (နည်းပညာအလုပ်သင်) ဖြင့် နေထိုင်ခွင့်ဗီဇာကို ရရှိထားပြီး အလုပ်သင်တန်းကို ပြီးဆုံးခြင်းမရှိသေးသူသည် မိမိ၏အပြစ်ကြောင့်မဟုတ်ဘဲ အလုပ်သင်တန်းကို ဆက်လက်တက်ရောက်ရန် ခက်ခဲလာပြီး ကြီးကြပ်ရေးအဖွဲ့များက အလုပ်သင်တန်းနေရာပြောင်းလဲရန် လိုအပ်သောစီမံချက်များကို လုပ်ဆောင်ပေးထားသော်လည်း သင်တန်းနေရာအသစ်ကို ရှာဖွေပေးနိုင်ခြင်းမရှိသည့်အခါ နေထိုင်ခွင့်ဗီဇာအမျိုးအစား ပြောင်းလဲခြင်းကို ခွင့်ပြုမည်။</td></tr>
<tr><td><u>မိမိ၏အပြစ်ကြောင့်မဟုတ်ဘဲ</u> လက်ရှိ ရရှိထားသော နေထိုင်ခွင့်ဗီဇာအမျိုးအစားဆိုင်ရာ လုပ်ဆောင်မှုများ ပြီးဆုံးခြင်းမရှိဘဲ နေထိုင်ခွင့် ဆက်လက် ရရှိလိုသူ</td></tr>
<tr><td><u>မိမိ၏အပြစ်ကြောင့်</u> လက်ရှိ ရရှိထားသော နေထိုင်ခွင့်ဗီဇာအမျိုးအစားဆိုင်ရာ လုပ်ဆောင်မှုများ ပြီးဆုံးခြင်းမရှိဘဲ နေထိုင်ခွင့် ဆက်လက်ရရှိလိုသူ</td><td>“Tokutei Katsudou<br>(သတ်မှတ်ထားသောလုပ်ဆောင်မှုများ)<br>(၆လ/ ၁ ပတ်လျှင် ၂၈ နာရီအထိ အလုပ်လုပ်ကိုင်နိုင်)”<br>※၂။ Tokutei Katsudo (၆လ/ ၁ ပတ်လျှင် ၂၈ နာရီအထိ အလုပ်လုပ်ကိုင်နိုင်) ဗီဇာကို ခွင့်ပြုပေးပြီးနောက် အကြိမ်းအားဖြင့် ၁ နှစ်ခန့်အတွင်း ပြစ်မှုဆိုင်ရာဥပဒေများချိုးဖောက်ခြင်းနှင့်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများချိုးဖောက်ခြင်းတို့ကို ကျူးလွန်ခြင်းမရှိဘဲ သင့်တော်ကောင်းမွန်စွာ နေထိုင်လျက်ရှိကြောင်း တွေ့ရှိရခြင်းစသဖြင့် တစ်ဦးချင်းစီ၏ နေထိုင်မှုအခြေအနေပေါ် မူတည်ပြီး “Tokutei Katsudo (သတ်မှတ်ထားသောလုပ်ဆောင်မှုများ) (၁နှစ်/အလုပ်လုပ်ကိုင်နိုင်) ဗီဇာ” ကို ခွင့်ပြုမည်။</td><td>“Tokutei Katsudou (သတ်မှတ်ထားသောလုပ်ဆောင်မှုများ)<br>(၆လ/ ၁ပတ်လျှင် ၂၈ နာရီအထိ အလုပ်လုပ်ကိုင်နိုင်)”<br>※၂။ Tokutei Katsudo (၆လ/ ၁ပတ်လျှင် ၂၈ နာရီအထိ အလုပ်လုပ်ကိုင်နိုင်) ဗီဇာကို ခွင့်ပြုပေးပြီးနောက် အကြိမ်းအားဖြင့် ၁ နှစ်ခန့်အတွင်း ပြစ်မှုဆိုင်ရာဥပဒေများချိုးဖောက်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများချိုးဖောက်ခြင်းတို့ကို ကျူးလွန်ခြင်းမရှိဘဲ သင့်တော်ကောင်းမွန်စွာ နေထိုင်လျက်ရှိကြောင်း တွေ့ရှိရခြင်းစသဖြင့် တစ်ဦးချင်းစီ၏ နေထိုင်မှုအခြေအနေပေါ် မူတည်ပြီး “Tokutei Katsudo (သတ်မှတ်ထားသော လုပ်ဆောင်မှုများ) (၁နှစ်/အလုပ်လုပ်ကိုင်နိုင်) ဗီဇာ” ကို ခွင့်ပြုမည်။<br><br>※၃။ Ginou Jisshuu (နည်းပညာအလုပ်သင်) ဖြင့် နေထိုင်ခွင့်ရရှိထားပြီး အလုပ်သင်တန်း ပြီးဆုံးခြင်းမရှိဘဲ နေထိုင်ခွင့်ဗီဇာသက်တမ်း ကျန်ရှိနေသေးသူများနှင့်ပတ်သက်၍မူ နေထိုင်ခွင့်ဗီဇာအမျိုးအစား ပြောင်းလဲခြင်းကို ခွင့်မပြုပါ။</td></tr>
</table>